# တောင်းပန်လိုက်ပုံက

ကျွန်တော်၏ညီမငယ် ဒီယန်မှာ ၆ နှစ်ရှိပြီ ဖြစ်သည်။ သူမသည် သူမ၏ဒေါ်လေးနံဘေးတွင် ထိုင်ရင်း "ဒေါ်လေးက ဘာဖြစ်လို့ အရုပ်ဆိုးရတာလဲ" ဟု မေး၏။

ကျွန်တော်က ကြား၍ သူမကို ဒေါ်လေးဆီ ပြန်ပြီး တောင်းပန်ရန် ပြောလိုက်သည်။

ညီမလေးက ခေါင်းညိတ်ပြီး ဒေါ်လေးကို ဤသို့ တောင်းပန်လိုက်လေသည်။ "ဒေါ်လေး... ဒေါ်လေးက အရုပ်ဆိုးလို့ သမီး စိတ်မကောင်းပါဘူး" ဟူ၍။

❒